# အခြေခံဗုဒ္ဓဝင်

ားအတွက်

ရောင်စုံပုံပြ

# အခြေခံဗုဒ္ဓဝင်

မင်းစန္ဒ



လူငယ်များအတွက်

# မင်းစန္ဒာ

# ရောင်စုံပုံပြ အခြေခံ ဗုဒ္ဓဝင်

ဘာသာရေးစာမူ ခွင့်ပြုချက် အမှတ် (၆၆၉)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၀၇၇)

ပုံနှိပ်ခြင်း
၁၉၈၂၊ ဧပြီလ၊ (ပထမအကြိမ်)

စောင်ရေ
၈၀၀၀

အဖုံးပန်းချီ
ဦးကိုလေး

အဖုံးဘလောက်
ရောင်နီဦး

အဖုံးရိုက်
ပန်သစ္စာ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း [ချမ်းသာစာပေလုပ်ငန်း] (မြ-၀၂၂၂၅)
အမှတ် ၂၁၅/၃၈ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်အေးမြင့် [အောင်ချိုငွေးပုံနှိပ်တိုက်] (မြ-၀၂၁၆၆)
အမှတ်-၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

တန်ဖိုး ၃ ကျပ်

# မာတိကာ


| | | | |
|---|---|---|---|
| နိဒါန်း | | | ၁ |
| | | ဗုဒ္ဓဘာသာဆိုတာ | |
| အခန်း | ၁ | ဘုရားဆုပန်ဘဝ | ၅ |
| အခန်း | ၂ | အလောင်းတော်ဘဝ | ၈ |
| | | ဘုရားရှင် ၃ မျိုး | |
| | | ပါရမီ ၁၀ ပါး | |
| | | စွန့်ခြင်းကြီး ၅ ပါး | |
| အခန်း | ၃ | သန္ဓေယူခြင်း | ၁၃ |
| အခန်း | ၄ | ဖွားတော်မူခြင်း | ၁၇ |
| | | ဖွားဖက်တော် ၇ ဦး | |
| အခန်း | ၅ | နန်းသိမ်းပွဲ | ၂၀ |
| | | ရွှေနန်း ၃ ဆောင် | |
| အခန်း | ၆ | နိမိတ်ကြီး ၄ မျိုး | ၂၄ |
| အခန်း | ၇ | တောထွက်တော်မူခြင်း | ၂၇ |
| အခန်း | ၈ | ဒုက္ကရစရိယ ကျင့်တော်မူခြင်း | ၃၂ |
| | | ဒုက္ကရစရိယအကျင့် | |
| အခန်း | ၉ | ဘုရားဖြစ်တော်မူခြင်း | ၃၆ |
| | | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | |
| | | ဝိဇ္ဇာသုံးဖြာ (ပု-ဒိ-အာ) | |
| | | ဗုဒ္ဓ၏ ဂုဏ်တော် ၉ ပါး | |
| | | ဗုဒ္ဓ၏ ပဌမဝစန | |

အခန်း ၁၀ ဗုဒ္ဓ၏တရားတော် ၄၉
ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒွေ၀ါစိက သရဏဂုံ
တရားဂုဏ်တော် ၆ ပါး
တရားတော်ဆိုတာ
မဂ်လေးပါး
ဖိုလ်လေးပါး
အခန်း ၁၁ ဗုဒ္ဓ၏ သာ၀က ၅၆
သံဃံ သရဏံ ဂစ္ဆာမိ
တေ၀ါစိက သရဏဂုံ
သံဃာ့ဂုဏ်တော် ၉ ပါး
သံဃာတော်ဆိုတာ
မဂ္ဂဋ္ဌလေးမျိုး
ဖလဋ္ဌလေးမျိုး
အခန်း ၁၂ ဗုဒ္ဓ၏ နေ့စဉ်ဆောင်ရွက်တော်မူချက် ၆၄
နံနက်ပိုင်း
နေ့လယ်ပိုင်း
ညဦးယံ
သန်းခေါင်ယံ
မိုးသောက်ယံ
အခန်း ၁၃ ပရိနိဗ္ဗာန် စံတော်မူခြင်း ၆၇
ဗုဒ္ဓ၏ ပစ္ဆိမ၀စန
နောက်ဆုံးမိန့်ခွန်းတော်
အခန်း ၁၄ တေဇောဓါတ် လောင်တော်မူခြင်း ၇၀
စေတီ လေးမျိုး
နိဂုံး ၇၃
နောက်ဆက်တွဲဇယား ဗုဒ္ဓမြတ်စွာ၏ ဆွေစဉ်မျိုးဆက် ၇၄-၇၅
ကိုးကားကျမ်းများ ၇၆

# နိဒါန်း

မြန်မာလူမျိုးများဟာ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာမိဘက ပေါက်ဖွားလာတဲ့ ကနေ့လူငယ်တွေဟာလဲ ဗုဒ္ဓဘာသာဝင်တွေပဲပေါ့။ ဒါပေမယ့် ဗုဒ္ဓသည် ဘယ်သူလဲ၊ ဗုဒ္ဓဝါဒဆိုတာ ဘာလဲ၊ ဗုဒ္ဓရဲ့ဖြစ်စဉ်က ဘယ်လိုလဲဆိုတာ တိတိပပသိသူ နည်းပါးလှပါတယ်။

ရေးသားပြုစုထားတဲ့ စာအုပ်စာတမ်းများ မရှိ၍မဟုတ်။ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ် ရှိကြပါတယ်။ အရေးအသားညံ့ဖျင်း၍ မဟုတ်၊ မှတ်သားဖွယ်ရာ အချက်အလက်၊ အကိုးအကား၊ အထောက်အထား အပြည့်အစုံနဲ့ တင်ပြကြပါတယ်။ ဒါပေမယ့် လူငယ်တွေမသိတာကတော့ စိတ်ဝင်စားမှု နည်းပါးလို့ပဲ ဖြစ်ပါတယ်။ မိဘများကိုယ်တိုင်ကလဲဦးဆောင်မှု ပေးတဲ့နေရာမှာ အားနည်းလို့လဲ ဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်ကနေပြီး ဗုဒ္ဓရဲ့အဆုံးအမကို သိရှိနားလည်ပြီး လိုက်နာ ကျင့်ကြံလိုတဲ့ တကယ် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်လိုတဲ့ သူတော်ယောက်ဖြစ်လာဖို့ အထူးလိုအပ်ပါတယ်။ အဲဒီလို ဖြစ်လာဖို့အတွက် အုပ်ထိန်းသူတွေမှာလဲ အထူးတာဝန်ရှိနေပါတယ်။

ဒါကြောင့် လူငယ်တွေ ဗုဒ္ဓဝါဒနဲ့ပတ်သက်ပြီး စိတ်ဝင်စားလာရေး၊ အခြေခံအချက်များကို သိရှိနားလည်ရေး၊ ဗုဒ္ဓ အဆုံးအမအတိုင်း လိုက်နာ ကျင့်သုံးလာစေရေးတို့ကို ရည်ရွယ်ပြီး ရောင်စုံပုံပြအခြေခံဗုဒ္ဓဝင်ကို တင်ဆက်လိုက်ရခြင်း ဖြစ်ပါတယ်။

လူငယ်လူရွယ်တွေ နားလည်သဘောပေါက်တယ်။ စိတ်ဝင်စားတယ်။ ဆက်လက်လေ့လာလိုတဲ့ အာသီသရှိတယ်ဆိုယင် ခေတ်အမြင်၊ ခေတ်အယူအဆ၊ ခေတ်နဲ့လျော်ညီတဲ့ ဘာသာရေးဆိုင်ရာစာပေတွေကို ဆက်လက် ရေးသား ပြုစုသွားပါမယ် ဆိုတာ အစီရင်ခံလိုက်ရပါတယ်။

## ဗုဒ္ဓဘာသာဆိုတာ

ဗုဒ္ဓဘာသာမှာ အဓိက ကတော့ 'သဒ္ဓါ' ဆိုတဲ့ ယုံကြည်မှုက အရင်းခံပါတယ်။ ဘာတွေကို ယုံကြည်ရမှာလဲ

(က) ဘုရားရှင်ကို ယုံကြည်ခြင်း

(ခ) တရားတော်ကို ယုံကြည်ခြင်း

(ဂ) သံဃာတော်ကို ယုံကြည်ခြင်း တွေပဲ ဖြစ်ပါတယ်။

ပါဠိလိုဆိုယင် သရဏဂုံသုံးပါးပါပဲ။ ဒါတွေကတော့
(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ
(ဂ) သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ သရဏဂုံ သုံးပါး ဖြစ်ပါတယ်။

အဓိပ္ပါယ်ကတော့ "ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏"လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ နှုတ်က ရွတ်နေရုံ၊ လက်အုပ်ချီနေရုံနဲ့လဲ မပြီးပါဘူး။ စိတ်ထဲက နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ်လိုတဲ့စိတ် ရှိရပါမယ်။ ယုံလဲယုံကြည်ရပါမယ်။ ဒါဆိုယင် ဗုဒ္ဓဘာသာဝင် တယောက် ဖြစ်ပါပြီ။

ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်လာတဲ့အခါ ဘာတွေသိဖို့ လိုသလဲဆိုတော့ အခြေခံအားဖြင့်

(က) ဗုဒ္ဓအကြောင်း
(ခ) ဗုဒ္ဓရဲ့ဝါဒ
(ဂ) ဗုဒ္ဓရဲ့လမ်းစဉ် တွေပဲ ဖြစ်ပါတယ်။

ဒီစာအုပ်မှာတော့ ဗုဒ္ဓရဲ့အကြောင်း (ဗုဒ္ဓဝင်)ကို အဓိကထားတာမို့ ကျန်တဲ့အချက် ၂ ချက်ကို သဘောလောက်ပဲ ထည့်သွင်းဖော်ပြပါမယ်။

ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်နေကြတဲ့ ဘုရားရှင်ရဲ့ အမည်တော်ကတော့ 'ဂေါတမဘုရားရှင်' ပါပဲ။ ဒီဘဒ္ဒကမ္ဘာမှာ ဘုရား ၅ ဆူ ပွင့်တော်မူပါမယ်။ ကကုသန်၊ ကောဏာဂုံ၊

ကဿပ ဘုရား ၃ ဆူက ပွင့်ခဲ့ပြီးပါပြီ။ အခု ဗုဒ္ဓသာသနာကတော့ ဂေါတမဘုရားရှင်ရဲ့ သာသနာပါပဲ။ နောက်ဆုံးပွင့်တော်မူမယ့် ဘုရားရှင်ကတော့ အရိမေတ္တေယျဘုရားရှင်ပဲဖြစ်ပါတယ်။

ဂေါတမဗုဒ္ဓဟာ မဇ္ဈိမဒေသ၊ အိန္ဒိယပြည်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ပွင့်ထွန်းတော်မူခဲ့ပါတယ်။ ဂေါတမဘုရားရှင်ရဲ့ ဆုပန်ခဲ့ပုံ၊ အလောင်းတော်ဘဝပါရမီဖြည့်ခဲ့ပုံ၊ သိဒ္ဓတ္ထမင်းသားဘဝနဲ့ ဘုရားအဖြစ်ရောက်တော်မူပုံ၊ ၄၅ ဝါပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားခဲ့ပုံနဲ့ ပရိနိဗ္ဗာန်ပြုပုံတို့ကို ဆက်လက်ပြီး ဖတ်ရှုကြည်ညိုကြ စေလိုပါတယ်။

# အခန်း ၁

## ဘုရားဆုပန်ဘဝ

လွန်ခဲ့တဲ့နှစ်ပေါင်း ၄ သင်္ချေနဲ့ ကမ္ဘာ ၁ သိန်းအထက်က 'သုမေဓာ'ဆိုတဲ့ သဌေးသားတယောက် ရှိပါတယ်။ မိဘတွေ သေဆုံးသွားတဲ့ အခါကျတော့ "ငါ့မိဘ ဘိုးဘွားတွေဟာ ပစ္စည်းသာရှာတတ်တယ် ယူမသွားတတ်ဘူး၊ ငါတော့ စွန့်ကြဲ ပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင် ယူသွားမယ်"လို့ စဉ်းစားမိပြီး၊ ပစ္စည်းများကို စွန့်ကြဲ ပေးကမ်းပြီး ဟိမဝန္တာ တောမှာ ရသေ့ရဟန်းပြုခဲ့ရာ ၇ ရက်အတွင်း ဈာန်အဘိညာဉ် ရသွားပါတယ်။

တနေ့တော့ သုမေဓာ ရှင်ရသေ့ဟာ ဒီပင်္ကရာ ဘုရားရှင် ကြွလာမှာမို့ လမ်းပြင်နေတဲ့ ရမ္မာ မြို့သူမြို့သားများထံမှာ လုပ်အားပေးဖို့ တနေရာတောင်းတယ်။ လူတွေက တန်ခိုးရှင် ရသေ့မှန်းသိလို့ ခက်ခဲတဲ့ ရွှံ့ညွန်ထူထပ်တဲ့ နေရာ တနေရာကို ခွဲပေးတယ်။ တန်ခိုးနဲ့ပြုပြင်လိုက်ယင် ချက်ချင်း ပြီးသွားလိမ့်မယ်ဆိုတဲ့ သဘောပေါ့။

ဒါပေမယ့် ရသေ့ကလေးက တန်ခိုးကိုအသုံးမပြုပဲ သူ့ရဲ့ လုပ်အားကိုသာ အရင်းတည်ပြီး အားသွန်ခွန်စိုက် အလုပ်လုပ်တယ်၊ ဘုရားရှင် ကြွလာတဲ့အခါ သူ့လမ်းက မပြီးသေးလို့ ရွှံ့ညွန်ပေါ်မှာ အလျားမှောက် တံတားခင်းပြီး ဘုရားရှင်အား ကြွစေပါတယ်။

အဲဒီအချိန်မှာ 'သုမိတ္တာ'ဆိုတဲ့ အမျိုးသမီးလေး ပန်းစည်း ၈ စည်းအနက် ၅စည်းကို သုမေဓာရသေ့အား ခွဲဝေပေးတယ်။ သူက ၃စည်းယူထားပြီး ဘုရားရှင်ကိုလှူတယ်။ သုမေဓာ ရှင်ရသေ့ကလဲ ပန်းစည်း ၅စည်းကိုလှူပြီး ဘုရားဆုပန်တယ်။ သုမိတ္တာကလဲ အလုပ်အကျွေးအဖြစ် ဆုပန်တယ်။

ဒီပင်္ကရာ မြတ်စွာဘုရားရှင်က သူတို့နောင်ရေးကို ရှေ့ဉာဏ်တော်ကွန်ယက်နဲ့ ဖြန့်ကြက် ဆင်ခြင်လိုက်ပြီး "ရှင်ရသေ့သည် နောင်အခါ ဂေါတမအမည်နဲ့ ဘုရားဖြစ်လိမ့်မယ်၊ ဒကာမယ်ကတော့ ပါရမီဖြည့်ဖက် ဖြစ်လိမ့်မယ်" လို့ ဗျာဒိတ်ပေးတော်မူခဲ့ပါတယ်။



ဒီပင်္ကရာ မြတ်စွာဘုရားထံတွင် သုမေဓာရှင်ရသေ့ ဘုရားဆုပန်နေပုံ

## အခန်း ၂

### အလောင်းတော်ဘဝ

ဘုရားအလောင်း သုမေဓာရှင်ရသေ့ဟာ ဘုရားဆုပန်ရတဲ့ ရည်ရွယ်ချက်ကတော့

(က) လောကတ္ထစရိယ = လောက (သတ္တဝါများ) ကောင်းစားရေး အတွက် ကျင့်ခြင်း

(ခ) ဉာတတ္ထစရိယ = အမျိုးသားတို့ ကောင်းစားရေးအတွက် ကျင့်ခြင်း

(ဂ) ဗုဒ္ဓတ္ထစရိယ = ဘုရား ဖြစ်ရေး အတွက် ကျင့်ခြင်း

ဆိုတဲ့ ရည်ရွယ်ချက်တွေကြောင့် ၄ သင်္ချေနဲ့ ကမ္ဘာ ၁သိန်း ပတ်လုံး ပါရမီ ဖြည့်ဆည်းခဲ့ခြင်း ဖြစ်ပါတယ်။

## ဘုရားရှင် ၃ မျိုး

(က) ပညာဓိကဘုရား = ၄ သင်္ချေ နှင့် ကမ္ဘာ ၁ သိန်း

(ခ) သဒ္ဓါဓိကဘုရား = ၈ သင်္ချေ နှင့် ကမ္ဘာ ၁ သိန်း

(ဂ) ဝီရိယာဓိကဘုရား = ၁၆ သင်္ချေ နှင့် ကမ္ဘာ ၁ သိန်း

ဂေါတမ ဘုရားအလောင်းကတော့ ပညာဓိကဘုရားဖြစ်လို့ ၄ သင်္ချေနဲ့ ကမ္ဘာ ၁သိန်း ပါရမီဖြည့်ကျင့် ခဲ့ရပါတယ်။ ဖြည့်ကျင့်ရတဲ့ပါရမီက ၁၀ ပါး ရှိပါတယ်၊ သာမညပါရမီ= သာမန်ဖြည့်ကျင့်မှု။ဉပပါရမီ = အင်္ဂါခြေလက်အပျက်ခံ၍ ဖြည့်ကျင့်မှု။ ပရမတ္ထပါရမီ = အသက်စွန့်၍ ဖြည့်ကျင့်မှု စတဲ့ ဖြည့်ကျင့်မှု ၃ ပါးနဲ့ မြှောက်ယင် ပါရမီ ၁၀ ပါး၊ အပြား ၃၀ ဖြစ်လာပါတယ်။ ပြီးတော့ စွန့်ခြင်းကြီး ၅ပါးကိုလဲ ဖြည့်ကျင့်ရပါသေးတယ်။

## ပါရမီ ၁၀ ပါး

( မြင့်မြတ်သောသူတို့၏ လုပ်ငန်းစဉ် )

၁။ ဒါန = စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု
၂။ သီလ = (ကိုယ်နှုတ် ၂ ပါး) စောင့်ထိန်းမှု
၃။ နိက္ခမ = တောထွက်မှု
၄။ ပညာ = ပညာဆည်းပူး ဖြန့်ဝေမှု

၅။ ဝီရိယ = မတွန့်မဆုတ် အားထုတ်မှု
၆။ ခန္တီ = သည်းခံခွင့်လွှတ်မှု
၇။ သစ္စာ = မှန်ကန်စွာပြောဆိုမှု
၈။ အဓိဋ္ဌာန် = ရည်မှန်းချက် ခိုင်မာမှု
၉။ မေတ္တာ = ချစ်ခင်မှု
၁၀။ ဥပေက္ခာ = မုန်း ချစ် မပြု လျစ်လျူရှုမှု

## စွန့်ခြင်းကြီး ၅ ပါး

၁။ ဓနပရိစ္စာဂ = ပစ္စည်းဥစ္စာကို စွန့်ခြင်း
၂။ ပုတ္တပရိစ္စာဂ = သားသမီးကိုစွန့်ခြင်း
၃။ ဘရိယပရိစ္စာဂ = မယားကိုစွန့်ခြင်း
၄။ အင်္ဂပရိစ္စာဂ = မျက်စိ၊ နား၊ နှာ၊ အင်္ဂါ ခြေလက်တို့ကို စွန့်ခြင်း
၅။ ဇီဝိတပရိစ္စာဂ = အသက်ကိုစွန့်ခြင်း

ဘုရားအလောင်းတော်ဟာ ပါရမီအဆင့်ဆင့် ဖြည့်ကျင့်ခဲ့ရာ နောက်ဆုံး တေမိ၊ ဇနက္က၊ သုဝဏ္ဏသာမ၊ နေမိမင်း၊ မဟောသဓာပညာရှိ၊ ဘူရိဒတ်နဂါးမင်း၊ စန္ဒကုမာရမင်း၊ နာရဒရသေ့၊ ဝိဓူရအမတ်၊ ဝေဿန္တရာ မင်းကြီး ရယ်လို့ ၁၀ ဘဝကျင်လည်ခဲ့ပြီး နောက်ဆုံးဘဝဘုရားမဖြစ်မီ တုသိတာ နတ်ပြည်မှာ သေတကေတု နတ်သားအမည်နဲ့ နတ်တို့ အရေးအတွက်အားဖြင့် အနှစ် ၄၀၀၀ နတ်စည်းစိမ် ခံစားနေခဲ့ပါတယ်။

●



**အလောင်းတော်ဒီ သေတကေတုနတ်သား၊ တုသိတာနတ်ပြည်၌**
**နတ်စည်းစိမ် ခံစားနေပုံ**

# အခန်း ၃

## သန္ဓေယူခြင်း

သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ
နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်
ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြေ့
ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်
နတ်လူငြိမ်းဖို့ ကိန်းပါကို။

(လယ်တီဆရာတော်)

လူ့ပြည်မှာ နှစ်ပေါင်းတစ်သောင်းလောက်ကစပြီး ဘုရားပွင့်တော့မယ်ဆိုတဲ့ 'ဗုဒ္ဓကောလာဟလ' ဖြစ်နေပါတယ်။ အချိန်နီးလာတဲ့ အခါမှာ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာတွေဟာ အလောင်းတော် သေတကေတု နတ်သားထံ

ခုရုံး ရောက်ရှိလာပြီး "ဘုရားဖြစ်ဖို့ရန် အချိန်တန်ပါပြီ၊ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ ပဋိသန္ဓေတည်နေတော်မူပါ"လို့ လျှောက်ထား တောင်းပန်ကြတယ်။

အလောင်းတော်နတ်သားဟာ လူ့ပြည်ကို ကြည့်ခြင်းကြီး ၅ ပါးနဲ့ ကြည့်ရှုပြီး မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့ည သန်းခေါင်ယံ အချိန်မှာ နတ်ပြည်မှ စုတေ၍ မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် သာကီနွယ်ဝင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး သီရိမဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ တည်နေတော်မူပါတယ်။

အဲဒီအချိန်မှာပဲ မိဖုရားကြီးက သလွန်တော်ပေါ်မှာ အိပ်ပျော်နေစဉ် ထူးဆန်းတဲ့အိပ်မက်ကို မြင်မက်ပါတယ်။ အိပ်မက်ထဲမှာ "နတ်မင်းကြီးလေးပါးက သလွန်တော်ကို ဟိမဝန္တာသို့ ဆောင်ယူသွားပြီး အင်ကြင်းပင်အောက်ရှိ ဆေးဒန်းမြင်းသီလာကျောက်ဖျာမှာ ချထားတယ်။ နတ်မိဖုရားတွေက အနဝတတ်အိုင်ကို ဆောင်ယူသွားပြီး ရေချိုး၊ နတ်ဝတ်တန်ဆာများဝတ်ဆင်ပေးပြီး ငွေတောင်အတွင်း ရွှေဗိမာန်သို့ သွင်း၍ အိပ်ရာ၌အိပ်စေတယ်။ အဲဒီအခါမှာ ဆင်ဖြူတော်တစီးဟာ သူမရဲ့ လက်ျာနံပါးကို ဖောက်ပြီးဝင်လာတယ်"လို့ မြင်မက်ပါတယ်။



မယ်တော်မာယာ အိပ်မက်မြင်ပုံ

# အခန်း ၄

## ဖွားတော်မူခြင်း

သန္တေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်
ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်
နတ်လူအောင်မြို့ လမ်းပါကို။

(လယ်တီဆရာတော်)

ဂေါတမဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈ ခုနှစ် (ခရစ်တော်မပေါ်မီ ဘီစီ ၆၂၃)မှာ ခမည်းတော် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးနဲ့ မယ်တော် သီရိမဟာ မာယာဒေဝီတို့က ဖွားမြင်ခဲ့ပါတယ်။ (ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားရဲ့ ဆွေစဉ်မျိုးဆက်ကို နောက်ဆက်တွဲဇယားမှာ ကြည့်ရှုနိုင်ပါတယ်)။

ဖွားမြင်တော်မူခဲ့တဲ့နေ့ရက်နဲ့နေရာကတော့ ကဆုန်လပြည့်၊ သောကြာနေ့မှာ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်မှာ ဖြစ်ပါတယ်။

ဘုရားအလောင်းကိုဖွားတော်မူတယ်ဆိုယင်ပဲ လူတို့လက်မှ ဆင်းသက်ပြီး အရပ်မျက်နှာအားလုံးကို ကြည့်ရှုတယ်။ ပြီးတော့

မြောက်အရပ်ကို ၇ ဖဝါးလှမ်း၍ လက်ညှိုးတချောင်းထောင်ပြီး

"အဂ္ဂေါဟမသ္မိ လောကဿ (လောက မှာ ငါသာ အမြင့်မြတ်ဆုံး)

ဇေဋ္ဌောဟမသ္မိ လောကဿ (လောက မှာ ငါသာ အကြီးကျယ်ဆုံး)

သေဋ္ဌောဟမသ္မိ လောကဿ" (လောက မှာ ငါ သာ အတော်တတ်ဆုံး)

ရယ်လို့ ရဲရဲတောက်စကား ၃ ခွန်းကို မြွက်ကြားလိုက်ပါတယ်။

**ဖွားဖက်တော် ၇ ဦး**

၁။ ညီတော်အာနန္ဒာ
၂။ မဟာဗောဓိပင်
၃။ ကာဠုဒါယီအမတ်
၄။ ယသောဓရာ
၅။ ဆန္နအမတ်
၆။ ရွှေအိုးကြီး ၄ လုံး
၇။ ကဏ္ဍကမြင်း

**အတိုကောက်လင်္ကာ။** ။အာ, ဗော, ကာ, ယ,၊ ဆံ, ရွှေ, ကဏ် ဖွားဖက် ၇ တန်။

ဖွားမြင်တော်မူပြီး ၇ ရက်မြောက်တဲ့ နေ့မှာ မယ်တော် မာယာ နတ်ရွာစံပြီး တုသိတာနတ်ပြည်မှာ သန္တုသိတ နတ်သားရယ်လို့ သွားဖြစ်တယ်။ အလောင်းတော် မင်းသား ကိုတော့ မိထွေးတော် မဟာပဇာပတိ ဂေါတမီ က နို့ချို တိုက်ကျွေး မွေးမြူခဲ့ပြီး သားတော်အရင်း နန္ဒမင်းသားကိုပင် အထိန်းတော်တွေနဲ့ လွှဲထားခဲ့ပါတယ်။

●



ဘုရားအလောင်း ဖွားမြင်ပြီးနောက် ၃ ′ခွန်းသောစကား
ပြောကြားနေပုံ

# အခန်း ၅

## နန်းသိမ်းပွဲ

အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၁၆ နှစ် အရွယ်မှာ လေးအတတ်ကိုပြပြီး ဦးလေးတော် ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓနဲ့ အရီးတော် အမိတာဒေဝီတို့ရဲ့ သမီးတော် ဘဒ္ဒကစ္စနာခေါ် ယသောဓရာမင်းသမီးနဲ့ လက်ထပ်ပြီး နန်းသိမ်းပွဲ ခံခဲ့ပါတယ်။

ငယ်စဉ်ကထဲက ပုဏ္ဏားတော်တွေက စကြဝတေးမင်း သော်လည်းကောင်း၊ ဘုရား သော်လည်းကောင်း ဖြစ်မယ်လို့ ဟောထားတဲ့အတွက် စကြဝတေးမင်းကြီး ဖြစ်စေချင်လှန်းတဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်လေး တောထွက်မသွားရလေအောင် ရွှေနန်း ၃ ဆောင် ဆောက်လုပ်ပြီး ပျော်ရွှင်စွာ စံစားစေတယ်။



သိဒ္ဓတ္ထမင်းသားနှင့် ယသောဓရာဒေဝီတို့ လက်ထပ်ပြီး
နန်းသိမ်းပွဲခံနေပုံ

## ရွှေနန်း ၃ ဆောင်

၁။ ရမ္မ = ဆောင်းရာသီစံ (ဘုံ ၉-ဆင့်)

၂။ သုဘ = မိုးရာသီစံ (ဆုံ ၇-ဆင့်)

၃။ သုရမ္မ = နွေရာသီစံ (ဘုံ ၅-ဆင့်)

အဲဒီ ရွှေနန်း ၃ဆောင်မှာ ကြင်ယာတော် ယသောရော ဒေဝီနဲ့အတူ ပျော်ရွှင်စွာ စံစားလာခဲ့ကြတာ သက်တော် ၂၉ နှစ်အရွယ် ရောက်တဲ့အထိပဲ ဆိုကြပါစို့။



သိဒ္ဓတ္ထမင်းသား ဥတု ၃ လီ စံစားတော်မူသော ရွှေနန်း ၃ ဆောင်ပုံ

## အခန်း ၆

## နိမိတ်ကြီး ၄ မျိုး

ဘုရားအလောင်းတော် သံဝေဂရပြီး တောထွက်မှာစိုးရိမ်လှတဲ့ သုဒ္ဓေါဒန မင်းကြီးဟာ မြို့ထဲမှာ သူအို၊ သူနာ၊ သူသေ ရဟန်း စတဲ့ပုဂ္ဂိုလ်တွေ မရှိရလေအောင် တင်းတင်းကျပ်ကျပ် တားမြစ် စောင့်ကြပ်ထားစေတယ်။

အလောင်းတော် တောထွက်ဖို့အချိန်ကျလာတော့ ဥယျာဉ်တော်ကို ထွက်တဲ့အခါ နတ်တွေက သူအို အသွင် ဖန်ဆင်းပြတယ်။ အလောင်းမင်းသားက သူအိုကို လုံးဝမမြင်ဘူးလို့ မေးတဲ့အခါ ရထားထိန်းက "သူအိုခေါ်ပါတယ်၊ အရှင်မင်းသားလဲ တနေ့ အိုရအုံးမှာပဲ၊ မည်သူမှ အိုခြင်းတရားကို မလွန်ဆန်



သိဒ္ဓတ္ထမင်းသား ဥယျာဉ်တော်သို့အသွား နိမိတ်ကြီး ၄ ပါးကို
တွေ့မြင်ပုံ

နိုင်ပါဘူး” လို့ လျှောက်ထားတယ်။ ဒီတော့ မင်းသားလဲ ကြောက်ရွံ့ထိတ်လန့် သံဝေဂရပြီး ဥယျာဉ်တော် မသွားတော့ပဲ နန်းတော်ကို ပြန်လှည့်ခဲ့တယ်၊ မင်းကြီးက အကြောင်းစုံသိတော့ အစောင့်အကြပ်တွေ ပိုပြီး တင်းတင်းကျပ်ကျပ် ချထားလိုက်တယ်။

ဒီလိုပဲ နောက် ၄လကြာလို့ ဥယျာဉ်တော်ကို ထွက်တဲ့အခါ သူနာ ကိုလည်းကောင်း၊ နောက်ထပ် ၄ လကြာတော့ သူသေ ကိုလည်းကောင်း နတ်တွေက ဖန်ဆင်းပြတယ်။ အလောင်း မင်းသားကလဲ အဲဒီ အနိဋ္ဌာရုံတွေကို တွေ့ရတော့ ထိတ်လန့်ကြောက်ရွံ့ သံဝေဂတွေရလာတယ်။ မင်းကြီးကလဲ အစောင့်တွေကို တိုးတိုးပြီး ချကာ တင်းတင်းကျပ်ကျပ် စောင့်ရှောက်စေပြန်တယ်။

နောက်ဆုံး ၄လကျတော့ နတ်တွေက ကြည်ညို ဖွယ်ရာရဟန်းအသွင်ကို ဖန်ဆင်းပြတယ်။ သူအို၊ သူနာ၊ သူသေ ဆိုတဲ့နိမိတ်ကြီး ၃-ပါးကိုတွေ့ရလို့ လောကကြီးကို စိတ်ပျက်ငြီးငွေ့နေတဲ့ အလောင်းမင်းသားဟာ တည်ကြည် သိမ်မွေ့သောကြန်ခြွေရှိတဲ့ ဖန်ဝါဆင်မြန်း ရဟန်းတော်မြတ်ကို ဖူးတွေ့ရတဲ့အခါ စိတ်ရောကိုယ်ပါ လန်းဆန်းလာပြီး တနေ့ ငါလဲတောထွက်ပြီး ရဟန်းပြုမယ်လို့ စိတ်ထဲကကြိတ်ပြီး ဆုံးဖြတ်ချက် ချလိုက်တယ်။

●

# အခန်း ၇

## တောထွက်တော်မူခြင်း

ဖွားမြင်မြောက်ဆော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ မျိုးနုနယ်
၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်
လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊
နှစ် ဆယ့် ကိုး ဝယ်၊ လေးမျိုးနိမိတ်၊ နတ် ပြ ဟိတ်
ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊
ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ် လှုံသည်၊
စုံမြိုင်ပင်ရိပ် ခန်းမှာကို။

(လယ်တီဆရာတော်)

အလောင်းတော်မင်းသားဟာ သားတော်လေး ရာဟုလာကို ဖွားမြင်ပြီးတယ်ဆိုယင်ပဲ ကြာယင်တော့ သံယောဇဉ်နှောင်ကြိုးတွေ ခိုင်သထက် ခိုင်လာပြီး တောထွက်ဖြစ်တော့မှာ မဟုတ်တော့ဘူးလို့ စဉ်းစားမိလာတယ်။ ဒါကြောင့် မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်းလာနေ့၊ ညသန်းခေါင်ယံအချိန်၊ သက်တော် ၂၉နှစ်အရွယ်မှာ စီးတော်မြင်းဖွားဖက်တော် ကဏ္ဍကကိုစီးပြီး ဖွားဖက်တော် ဆန္နအမတ်နဲ့အတူ တောထွက်ခဲ့ပါတယ်။

မြို့တံခါးကို နတ်တွေက ဖွင့်ပေးတယ်။ ကဏ္ဍကမြင်းရဲ့ခွာလေးဘက်ကအသံကို မကြားရအောင် နတ်တွေကကိုင်ပြီးလိုက်လာတယ်။မြို့ပြင်ရောက်တော့ မာရ်နတ်က နောက်၇ရက်ကြာယင် စကြာရတနာ ဆိုက်ရောက် လာတော့မှာမို့ စကြာဝတေးမင်းရဲ့ စည်းစိမ်ကို ခံစားပါ၊ ဘုရား မလုပ်ချင်ပါနဲ့လို့ တားတယ်။ ဒါပေမယ့် အလောင်းတော်မင်းသားက မာရ်နတ်ရဲ့ တားဆီးဖြားယောင်းမှုကို လက်မခံပဲ အတင်း ထွက်လာခဲ့တယ်။

နံနက်လင်းတဲ့အခါ အနော်မာမြစ်ကို ဖြတ်ကူးပြီး အနော်မာသောင်မှာပါလာတဲ့ သံလျက်နဲ့ ဆံတော်ကို ပယ်ဖြတ် လိုက်တယ်။ ဆံတော်ကို "ဘုရားစင်စစ် ကေန်ဖြစ်မည်မှန်လျှင် ဤဆံတော်သည် ကောင်းကင်မှာတည်ပါစေသား"လို့ အဓိဋ္ဌာန်ပြီး အထက်ကို မြှောက်လိုက်ရာ၊ ကောင်းကင်မှာ ပန်းဆိုင်းဆွဲထားသလို တည်နေတယ်။ သိကြားမင်းက ဆံတော်ကို ရွှေကလပ်နဲ့ခံပြီး တာဝတိံသာ နတ်ပြည်မှာ 'စူဠာမဏိစေတီ'



တောထွက်တော်မူစဉ်မာရ်နတ်တားနေပုံ

ချယ်လို့ တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဿဋ္ဌိကာရ ဗြဟ္မာမင်းက ဆက်ကပ်တဲ့ သင်္ကန်းတော်ကို လဲလှယ်ဝတ်ရုံပြီး ဝတ်လဲတော် ပုဆိုးကိုတော့ဗြဟ္မာကြီးက ယူသွားကာ ဗြဟ္မာ့ပြည်မှာ 'ဒုဿ စေတီ'ကို တည်ထား ကိုးကွယ်ခဲ့တယ်။

အဲဒီမှာပဲ ဆန္နအမတ်နဲ့ ကဏ္ဍကမြင်းကို ပြန်လွှတ်လိုက်ရာ၊ အနောမာမြစ်တဘက်ကမ်း ရောက်တယ်ဆိုယင်ပဲ၊ ဖွားဖက်တော် ကဏ္ဍကမြင်းဟာ ရင်ကွဲနာကျပြီး သေသွားရှာတယ်။ ဆန္နအမတ်ကတော့ ငိုယိုပြီး နန်းတော်ကို ပြန်သွားတယ်။

●



အနေါမာ သောင်ကမ်း၌ ဆံတော်ပယ်စဉ် သိကြားမင်းက ဆံတော်ကို
ရွှေကလပ်ဖြင့် ခံယူပြီး ဗြဟ္မာမင်းက သင်္ကန်းဆက်ကပ်နေပုံ

## အခန်း ၈

## ဒုက္ကရစရိယကျင့်တော်မူခြင်း

ဘုရားအလောင်းဟာ ရှေးဦးစွာ အာဠာရ ရသေ့ကြီးထံသွားပြီး တရားရှာရာ အာကိဉ္စညာယတနစျာန်အထိ ရခဲ့ပါတယ်။ဆက်ပြီး ဥဒကရသေ့ကြီးထံရောက်ပြန်တော့ နေဝသညာနာသညာယတနစျာန်အထိ ပေါက် မြောက် ခဲ့ ပါ တယ်။ ဒါပေမယ့် ဒီစျာန်တွေဟာ မအို မနာ မသေရာ တရားတွေ မဟုတ်မှန်း သိတဲ့အတွက် ခွဲခွာခဲ့ပြီး ဥရုဝေလတောမှာ လူသာမန်တို့ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယအကျင့်ကို ၆ နှစ်တိုင်တိုင် ကျင့်တော်မူခဲ့ပါတယ်။

### ဒုက္ကရစရိယအကျင့်

* ဆွမ်းမစားပဲ အလိုလိုကြွေကျလာသော သစ်သီးကိုသာ ကောက်ယူစားခြင်း
* ထို့နောက် သစ်ပင်ရှိရာသို့ သွား၍ မကောက်ပဲ မိမိ သစ်ပင်အောက်က အသီးကိုသာ ကောက်ယူစားခြင်း
* ထို့နောက် သစ်သီးတလုံး၊ နှမ်းတစေ့၊ ဆန်တစေ့မျှ ကိုသာ စားခြင်း



ဥရုဝေလတောဌ် ဒုက္ကရစရိယ ကျင့်တော်မူပုံ

အဲဒီမှာ ဘုရားစင်စစ်ဖြစ်မယ်လို့ ဟောခဲ့တဲ့ အငယ်ဆုံး ကောဏ္ဍည ပုဏ္ဏားရယ်၊ ကျန်တဲ့ ပုဏ္ဏားကြီး လေးယောက်ရဲ့ သားတွေ ဖြစ်ကြတဲ့ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိစတဲ့ ပုဏ္ဏား ၄ ယောက်ရယ်ဟာ တောထွက်ပြီး ဘုရားလောင်းကို စောင့်နေခဲ့တယ်။ ဉရုဝေလတောမှာ ဘုရားလောင်း ဒုက္ကရစရိယအကျင့်ကိုကျင့်တဲ့အခါ သူတို့ ၅ ဦး(ပဉ္စဝဂ္ဂီ)က ရေပူ ရေချမ်းကမ်းလှမ်းပြီး အလုပ်အကျွေး ပြုကြတယ်။

အလောင်းတော်ဟာ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယအကျင့်ကို ကျင့်တဲ့အတွက် ဘုရားအဖြစ်တော့ ရောက်မလာဘူး။ အစား အစာကိုလျှော့စားနေရလို့ တနေ့တခြား အသွေးအသားတွေ ခန်းခြောက်ပြီး ညှိုးမဲ ခြောက်သွေ့ကာ အရိုးနဲ့ အရေပဲ ကျန်တော့တယ်။

အဲဒီလို အစာအာဟာရကလဲ ဆုတ်ယုတ်၊ တရားကိုလဲ အားထုတ်မှုကြောင့် အလောင်းတော် ဘုရားရဲ့ ရွှေအဆင်း ကဲ့သို့ ဝါဝင်းပြည့်ဖြိုးတဲ့ ကိုယ်တော်ဟာ ညှိုးမဲခြောက်ကပ်ပြီး နေတော့တယ်။ အသွေးအသားဆိုလို့ မရှိတော့ပဲ အရိုးနဲ့ အရေသာ ကျန်လေတော့တယ်၊ ဒီလို ခြောက်ကပ်မှုကြောင့် ဝစ္စမဂ်(စအို)ဟာ အတွင်းကို တွန့်နေတဲ့အတွက် ကျင်ကြီး စွန့်လိုတဲ့အခါ မစွန့်နိုင်ပဲ မူးမိုက်၍ နေရာမှာပဲ လဲကျရှာလေ တော့တယ်။

ဒီတော့မှ မြတ်စွာဘုရားက လျှော့လွန်းတဲ့ ကာမဂုဏ် စည်းစိမ်ထဲမှာနေယင်လဲ တရားရမှာ မဟုတ်ဘူး။ ပြင်းပြင်း ထန်ထန်ကျင့်ပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေလို့လဲ တရားရမှာ

မဟုတ်ဘူး။ အလယ်အလက်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ကျင့်မှတရားရမှာပဲလို့ ဆင်ခြင်မိတယ်။ဒါကြောင့်တရားမကျင့်မီ ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် ဆွမ်းခံထွက်ပြီး အစားအစာ ပြန်စားပါတယ်။

ဒီအခါမှာ ကောဏ္ဍည အမှူးပြုတဲ့ ပဉ္စဝဂ္ဂီ ၅ ဦးဟာ ရှင်ကြီးဂေါတမတော့ ဒုက္ကရစရိယာ ၆ နှစ် ကျင့်တာတောင် တရားမရယင် ခုလို အစားအသောက်ပြန်စားနေမှတော့ တရား ရမှာမဟုတ်တော့ဘူးဆိုပြီး စိတ်ပျက် လက်ပျက်နဲ့ ဥရုဝေလ တောကို စွန့်ခွာကာ မိဂဒါဝုန်တောကို ပြောင်းသွားကြတယ်။

(အဲဒီလို ဒုက္ကရစရိယအကျင့်ကို ၆ နှစ်လောက် ကျင့်ခဲ့ရ တာကတော့ နှုတ်မြွက်ခဲ့ဘူးတဲ့ ဝစီကံကြောင့် ဖြစ်ပါတယ်။ ဝစီကံရဲ့ ကြောက်စရာကောင်းပုံကို သံဝေဂ ယူနိုင်ကြပါစေ)။

# အခန်း ၉

## ဘုရားဖြစ်တော်မူခြင်း

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ
ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်
မြေ့ပရပေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး
ပြတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်
ရန်မြူခပင်း၊ အမိုက်သင်းကုံ၊ အရှင်းပယ်ဖျောက်
အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံး
ကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

(လယ်တီဆရာတော်)

ဥရုဝေလတောအနီး၊ သေနာနိဂုံးရွာက၊ မဟာသေန
သူဌေးကြီးရဲ့သမီး သုဇာတာဟာ၊ သားဆုဇန်တဲ့အတိုင်းရလို့
ညောင်ပင်စောင့်နတ်မင်းကြီးကို ဃနာနို့ဆွမ်းနဲ့ ပူဇော်ပသဖို့
လာတယ်။ ဘုရားအလောင်းကိုတွေ့တော့ ညောင်ပင်စောင့်
နတ်ကြီး ထင်ပြီး ဃနာနို့ဆွမ်းကပ်လှူတယ်။



နေရဉ္ဇရာမြစ်အတွင်း ရွှေခွက်မျှော၍ အဓိဋ္ဌာန်နေပုံ

အလောင်းတော်ဟာ ဃနာနို့ဆွမ်း ၄၉-လုပ်ဘဉ်းပေးပြီး "ယနေ့ ဘုရားစင်စစ် ဖြစ်မယ်မှန်ယင် ရွှေခွက်သည် ရေညာသို့ဆန်ပါစေသား"လို့ အဓိဋ္ဌာန်ပြီး ရွှေခွက်ကို နေရဥ္စရာ မြစ်မှာ မျှောလိုက်တယ်။ ရွှေခွက်ဟာ ဝမ်းဘဲဟသာငှက်ပမာ ရေညာသို့ဆန်တက်သွားတယ်။

ညနေချမ်းမှာ မြက်ရိတ်ပုဏ္ဏားသောတ္ထိယ လှူဒါန်းတဲ့ မြက် ၈ ဆုပ်ကို အလှူခံတော်မူပြီး ဖြန့်ခင်းကာ "ဘုရား မဖြစ်သမျှ ဤနေရာက မထတော့"လို့ အဓိဋ္ဌာန်ပြုပြီး ဗောဓိပင်ရင်းမှာ တင်ပလ္လင်ခွေ ထိုင်နေတော်မူတယ်။ နေမဝင်မီမှာပဲ ရန်ပြုလာတဲ့မာရ်နတ်ရဲ့ အလောင်းတော် မေတ္တာတော်အစွမ်းဖြင့် အောင်ခဲ့တယ်။

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မာရ်နတ်ရန်ကိုအောင်မြင်ပြီး အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို ဆက်လက်အားထုတ်ရာ

ညဥ့်ဦးယံမှာ - ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်
သန်းခေါင်ယံမှာ - ဒိဗ္ဗစက္ခုဉာဏ်
မိုးသောက်ယံမှာ - အာသဝက္ခယဉာဏ်

စတဲ့ ဝိဇ္ဇာ သုံးပါးကို ရရှိပြီး၊ မဟာ သက္ကရာဇ် ၁၀၃-ခု (ခရစ်တော်မပေါ်မီ ဘီစီ-၅၈၈) ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက် (သက်တော် ၃၅-နှစ်)မှာ၊ သုံးလောက အထွတ်အထိပ် ဓမ္မိဿရ သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါတယ်။



မာရ်နတ်ကို အောင်မြင်တော်မူပုံ

## ဝိဇ္ဇာသုံးပြား (ပု-ဒိ-အာ)

(က) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးရှေးဘဝပေါင်းများစွာ ကို ပြန်ပြောင်းအောက်မေ့ ဆင်ခြင် သိရှိ နိုင်သော ဉာဏ် တော်

(ခ) ဒိဗ္ဗစက္ခုဉာဏ် = နတ် မျက်စိ အလား မြင် နိုင် စွမ်း သော ဉာဏ်တော်

(ဂ) အာသဝက္ခယဉာဏ် = ကိလေသာ ဟူသမျှ အကြွင်းမရှိ ပယ် စွမ်းနိုင်သော ဉာဏ် တော်

## ဗုဒ္ဓ၏ ဂုဏ်တော် ၉ ပါး

၁။ ဣတိပိ သောဘဂဝါ ၊ အရဟံ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားသည်။ ဣတိပိ ဣမိနာပိ ကာရဏေန၊ တထောင့်ငါးရာ ကိလေသာတို့ ဝါသနာခေလှ အထုံငွေ့မျှ မငွေ့မရိပ် ဝင်းဝင်း ဖိတ်သို့ ရွှေစိတ်ပျံ့သင်း လွန် သန့်ရှင်း၍ မင်းမင်း ပြည်သူ

ကြည်ဖြူကော်ရော် အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ အရဟံ၊ အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ပြဟ္မာ့ဘုံတိုင် အောင်ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ သဗ္ဗညုဉာဏ်အား စွမ်းဗကားဖြင့် မျှားသခ်ါရ ဝိကာရရနှင့် လက္ခဏာပညတ် နိဗ္ဗာန်ခတ်ဟု ငါးရပ်သိရန် ဉေယျမိမ်ကို ဖေါက်ပြန်မမှု ကိုယ်တော် တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာ သမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး ၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား။

၃။ ဣတိပိ သောဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ သုံးပါးရှစ်ပါး ၂မျိုးအားဖြင့် ဟောထားပညာ ဉာဏ်ဝိဇ္ဇာတည်း၊ နိဗ္ဗာနခတ် အမြိုက်ရပ်သို့ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့် အကျင့်စရဏ ဆယ့်ငါးဝနှင့် တကွဥဿုံ ပြည့်စုံတော်မူသော ဤအကြောင်း ကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား။

၄။ ကွတိပိ သောဘဂဝါ သုဂတော

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ကွတိပို ကွမိနာစ ကာရဏောန၊ ဒီပင်္ကရာ ထွတ်ချာသနင်း ခြေတော်ရင်းမှ မှန်ကင်းသိရှိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီဘဝများ သတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက ဆံမြူတစိ မကင်ငြိပဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

၅။ ကွတိပိ သောဘဂဝါ လောကဝိဒူ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ကွတိပိ ကွမိနာစ ကာရဏောန၊ သတ္တောကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

၆။ ကွတိပိ သောဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ကွတိပိ ကွမိနာစ ကာရဏောန၊ ဆုံးမသင့်ရန် သတ္တဝါ

မှန်သော် ခြောက်တန် လျှင်ခြောက် မြှောက်တန် မြှောက်၍ အောက်အောက် ထက်ဂုဏ် ဆင့်ဆင့်စုံဖို့ ဖုံဖုံသင်ပေး အစဉ် ဖေးလျက် ယဉ်ကျေး လေအောင် သွေးဆောင် ဆုံးမတော် မူတတ်သော ဤအကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိဟူသော ဂုဏ်တော် ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား။

၇။ ဤလတိပိ သောဘဂဝါ သတ္ထာဒေဝ မနုဿာနံ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား သည်။ ဤလတိပိဤပိနာစ ကာရဏေန၊ သတ္တဝါဟော် ကုန်သည် ကျော်သည် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှား ဘေးခ ကန္တာရမှ ခေမမြေငူ ထုတ် ကယ် ယူ သို့ ထိုတူတစ် ခဲ့ယဉ်းဘိသည့် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီး လမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့ နတ်လူပြဟ္မာ သတ္တဝါကို ကောင်းစွာဆောင်ယူကယ်တင်တော်မူဘတ်သောဤအကြောင်း ကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား။

၈။ ဤလတိပိ သောဘဂဝါ ဗုဒ္ဓေါ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော် မြတ် ဘုရားသည်။ ဤလတိပိ ဤမိနာစ ကာရဏေန၊ ဒုက္ခသမုဒယ

နိုရောဓနှင့် မဂ္ဂမည်သာ လေးသစ္စာကို ဦးစွာပိုင်ပိုင် သိမြင်နိုင်၍ သုံးဆိုင်ဝေနေ မျှားဗိုလ်ခြေကို မသွေအတူ သိစေတော်မူနိုင်သော ဉာဏ်အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ

သောဘဂဝါ၊ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်တွေ့အောင် ရုပ်ဆောင် ဖန်ဆင်း နိုင်သော 'အဏိမာ' ဘုန်းတော်

စိတ်၏အလား ကောင်းကင်များ၌ ပေါ့ပါးလျင်မြန် ဈာန်ပျံ့ကြွသွားနိုင်သော 'လဃိမာ' ဘုန်းတော်

ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းဌား မနိုင်းအားဖို့ ကြီးမားလေအောင် ရုပ်ဆောင် ဖန်ဆင်းနိုင်သော 'မဟိမာ' ဘုန်းတော်

ဆီးတားကွယ်ကာ မရှိပါပဲ လိုရာတိုင်းပေါက် တခဏ လောက်ဖြင့် ကြွရောက်နိုင်သော 'ပတ္တိ' ဘုန်းတော်

အဆင်းအတန်ဟန်ပုံသဏ္ဌာန်ကို စီမံဖန်တီးတခဏတည်းဖြင့် ပြီးစီးနိုင်သော 'ပါကမ္မ' ဘုန်းတော်

ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း လူနတ်ခင်းကို ပိုင်နင်းအုပ်စိုးလွှမ်းမိုးနိုင်သော'ဤသိတာ' ဘုန်းတော်

သမာပတ်ချာန်အဘိညာဏ်ကို ဝင်စံလိုက တခဏခြင်းပိုင် ဝင်စားနိုင်သော 'ဝသိတာ' ဘုန်းတော်

ကိစ္စတခု ပြုစုတုန်းပင် ပြီးဆုံးချင်သော် ဆောလျင်မသွေ ပြီးဆုံးစေနိုင်သော 'ယတ္ထကာမာ ဝသာယိတာ' ဘုန်းတော်

ရှစ်ဖော်အပြား ဤသို့အားဖြင့် ထင်ရှားလေဘိ 'ဣဿရိယ' ဘုန်းတော်

ကိလေသာရန်ပယ်ဖျက်လှန်ဖို့ နိဗ္ဗာန်ဖိုလ်မဂ်ကိုးချက်အပြား လောကုတ္တရာတရားဟူသော 'ဓမ္မ' ဘုန်းတော်

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ် ပွဲတင်ထပ်မျှ နှံ့စပ်သတင်း ကျော်စောခြင်းဟူသော 'ယသ' ဘုန်းတော်

ရွှေမျက်နှာတော် လက်ခြေတော်မှစ၍မကြွင်း ပင်လုံးဝင်း သည့် ပန်းမင်းအနေ ကြက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာ တင့်တယ် သပ္ပါယ်တော်မူသော 'သီရိ' ဘုန်းတော်

အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီး ရသည့် 'ကာမ' ဘုန်းတော်

တလောကလုံး ညွှတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာ ကြိုးကုတ် အားထုတ်တော်မူသော 'ပယတ္တ' ဘုန်းတော်

ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း ဘဂဝါ၊ ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

(အရှင်ဇနကာဘိဝံသ)

## ဗုဒ္ဓ၏ ပဌမဝစန

၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

၃။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

၁။ အာတာပိနော၊ ပူပူပန်ပန် ပြင်းထန်လုံ့လ ဝီရိယရှိထသော။ ဈာယတော၊ အာရုံလက္ခဏာ မြတ်ဓမ္မကို စိတ်ချတည်ကြည် ကြံစည်ဖိဖိ စိုက်၍ကြည့်သော။ ဗြာဟ္မဏဿ၊ ယောကျ်ားမြတ်အား။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ သပစ္စယဓမ္မ အပြား နာမ်ရုပ်တရားတို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ် လာကုန်၏။ အထ၊ ထိုထင်ရှားဖြစ်ပေါ်လာသောအခါ၌။ အဿ၊ ထိုယောကျ်ားမြတ်အား။ ကင်္ခါ၊ တဆယ့်ခြောက်ပါး ယုံမှားကင်္ခါ ဝိစိကိစ္ဆာတို့သည်။

ဝပယန္တိ၊ ပျောက်ကင်းကုန်၏။ ယတော၊ အကြင်ကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းတရားတို့ မနားမရပ် အမြဲပြုပြင်အပ်သော သဟေတုဓမ္မကို။ ပဇာနာတိ၊ သိ၏။

၂။ အာတာပိနော၊ ပူပူပန်ပန် ပြင်းထန်လုံ့လ ဝီရိယရှိထသော။ ဈာယတော၊ အာရုံလက္ခဏာ မြတ်ဓမ္မကို စိတ်ချတည်ကြည် ကြံစည်စိစိ စိုက်၍ ကြည့်သော။ ဗြာဟ္မဏဿ၊ ယောက်ျားမြတ်အား။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ သပစ္စယဓမ္မအပြား နာမ်ရုပ်တရားတို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်လာကုန်၏။ အထ၊ ထိုထင်ရှား ဖြစ်ပေါ်လာသော အခါ၌။ အဿ၊ ထိုယောက်ျားမြတ်အား။ ကင်္ခါ၊ တဆယ့်ခြောက်ပါး ယုံမှားကင်္ခါ ဝိစိကိစ္ဆာတို့သည်။ ဝပယန္တိ၊ ပျောက်ကင်းကုန်၏။ ယဒတာ၊ အကြင်ကြောင့်၊ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဌာန နိဗ္ဗာန်ကို။ အဝေဒိ၊ သိပြီ။

၃။ အာတာပိနော၊ ပူပူပန်ပန် ပြင်းထန်လုံ့လ ဝီရိယရှိထသော၊ ဈာယတော၊ အာရုံလက္ခဏာ မြတ်ဓမ္မကို စိတ်ချတည်ကြည် ကြံစည်စိစိ စိုက်၍ ကြည့်သော။ ဗြာဟ္မဏဿ၊ ယောက်ျားမြတ်အား။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ သပစ္စယဓမ္မအပြား ရုပ်နာမ်တရားတို့သည်။ ဟဝေ။ စင်စစ်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ် လာကုန်၏။ သောဗြာဟ္မဏော၊ ထိုယောက်ျားမြတ်သည်။ အန္တလိက္ခံ၊ ကောင်းကင်အလုံးကို။ သြဘာသယံ၊ မိုက်မှောင်ခပင်း လွင့်ပျောက် ကင်းအောင် ထွန်းလင်းတောက်ပစေလျက်။ တိဋ္ဌန္တော၊ တည်သော။ သူရိ

ယော၀၊ နေမင်းကဲ့သို့။ မာရသေန်၊မာရ်စစ်သည်အပေါင်းကို။ ၀ိဓူပယံ၊ ပညာသန်လျက် စိန်လက်နက်ဖြင့် တိုက်ဖျက် ပယ် ဖျောက်လျက်။ တိဋ္ဌတိ၊တည်ဘို၏။

အဲဒါကတော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်ကို ရောက်တာနဲ့ တပြိုင် နက် ပထမဆုံး ကြုံး၀ါးလိုက်တဲ့ ဗုဒ္ဓရဲ့ ပထမ၀စန၊ ပထမဆုံး မိန့်ခွန်းတော်ပါပဲ။ ဘုရားအဖြစ်ကို ရောက်တာနဲ့တပြိုင်နက် ပထမဆုံးစကားတော်ကို သိရှိကြဖို့ ထည့်သွင်း လိုက်ရခြင်း ဖြစ်ပါတယ်။

# အခန်း ၁၀

## ဗုဒ္ဓ၏တရားတော်

ဘုရားဖြစ်တော်မူပြီး ၄၉ ရက်အကြာ လင်းလွန်းငင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် ဥက္ကလာပဇနပုဒ်မှ တပုဿနဲ့ဘလ္လိက ကုန်သည် ညီနောင်ဟာ ဘုရားပွင့်ရာ မဇ္ဈိမဒေသကို လှည်း ၅၀၀ နဲ့ ကုန်ရောင်းထွက်လာကြတယ်။ ဆွေမျိုးဖြစ်ခဲ့ဘူးတဲ့ နတ်ရဲ့ညွှန်ပြချက်အရ၊ ဗုဒ္ဓမြတ်စွာ ထံမှောက်ကို ရောက်လာပြီး ပါလာတဲ့မုယောဆုပ်မုန့်များကို ကပ်လှူကြတယ်။

### ဓမ္မံ သရဏံ ဂစ္ဆာမိ

အဲဒီအချိန်မှာ ဘုရားရှင် ပွင့်တော်မူပြီ။ တရားတော်ကလဲ ဟောကြားတော့မယ်။ ဒါပေမယ့် သံဃာတော်ဆိုတာမပေါ်

သေးဘူး။ ဒါကြောင့် ဘုရားရှင်က ကုန္ဒသည်ညီနောင်ကို ဒွေဝါစိကသရဏဂုံလို့ခေါ်တဲ့ သရဏဂုံ ၂ ပါးဆောက်တည်စေပါတယ်။

## ဒွေဝါစိက သရဏဂုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်လည်းလျောင်းပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှိဝဲဆည်းကပ် သိမှတ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်လည်းလျောင်းပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှိဝဲဆည်းကပ် သိမှတ်ပါ၏။

ကုန်သည်ညီနောင်ဟာ လူသားတွေထဲက ပထမဆုံး ဒွေဝါစိက သရဏဂုံဆောက်တည်သူတွေ ဖြစ်ကြပါတယ်။ နောင်အစဉ် အမှတ်တရ ကိုးကွယ်ရန် တောင်းပန်လျှောက်ထားတဲ့အတွက် ဘုရားရှင်က ဆံတော်မြတ် ၈ ဆူကို ချီးမြှင့် ပေးသနားလိုက်တယ်၊

(ယခု မြန်မာမှာသာမက ကမ္ဘာမှာပါ ထင်ရှားကျော်ကြားလှတဲ့ လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ကုန်သည်ညီနောင် ၂ ပါး ပင့်ဆောင်လာတဲ့ ဆံတော်မြတ်ကို ဌာပနာထားတဲ့ စေတီတော်မြတ်ကြီးပါပဲ)။



တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့အား ဆံတော် ၈ ဆူ
ချီးမြှင့်ပေးသနားတော်မူပုံ

အဲဒီကပြီး ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံတော်မူတဲ့သက်တော် ၈၀ အထိ ၄၅ နှစ်ပတ်လုံး တရားတော်များကို ဟောကြားတော် မူခဲ့ပါတယ်။ အဲဒီတရားတော်တွေကတော့ **သုတ်၊ ဝိနည်း၊ အဘိဓမ္မာ**ဆိုတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပါပဲ။ ဒါတွေ အားလုံးဟာ ဒုတိယ သရဏဂုံဖြစ်တဲ့ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' မှာ အကျုံးဝင်ပါတယ်။

## တရားဂုဏ်တော် ၆ ပါး

### ၁။ သွာက္ခာတဂုဏ်တော်

ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ခေမ္မာ၊ မင်္ဂလိုလ်နိဗ္ဗာန်မြေကို ညွှန်ပြတန်သောတရားတော်မြတ်ကို။ သွာက္ခာတော၊ ကြားနာရုံပင်အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်းစွာ ဟောတော်မူအပ်ပေ၏။

### ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

ခေမ္မာ၊ မင်္ဂလိုလ်နိဗ္ဗာန်ကိုးတန်သောတရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ဟောပြသလောက် ကျင့်တိုင်းပေါက်၍ မဂ်ရောက်ဖိုလ်ထိ ပညာရှိသည့် များအရိယာ သူတော်စွာတို့ သူတကာ ပြော ယုံကြည်သောကြောင့် သဘောချင်းထပ် မဆည်းကပ်ပဲ တတ်အပ်ထင်ထင် ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

## ၃။ အကာလိကဂုဏ်တော်

ဓမ္မော၊သောဘာပတ္တိ စသည်ဆင့်တက် လေးချက်အပြား မဂ်တရားသည်။ အကာလိကော၊ ငါးရက် ခုနစ်ရက် စသည် တက်၍ ငံ့လျက်ရှည်ဝေး အကျိုးပေးရာ အခါမဲ့ အခြားမဲ့ဖိုသို့ အကျိုးကိုလည်း ပေးတော်မူတတ်ပါပေ၏။

## ၄။ ဟေိပဿိကဂုဏ်တော်

ဓမ္မော၊မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သောတရားတော်မြတ်သည်။ ဧဟိပဿိကော၊ ဝေဟာဘက်ထွန်းယှဉ်ဂါနှစ်ပွန်း၍ လဝန်းအလား ပတ္တမြားသဖွယ် စင်ကြယ်ထင်ရှား ရှိသည်များကြောင့် အားရ ရွှင်လန်း လိုက်ခဲ့စမ်းပါ ရှုစမ်းပါဟု သံသာချိုမြ ဖိတ်ခေါ် ပြဖို့ မုချကောန် အမှန်သင့်လျော် ထိုက်တန်တော်မူပါပေ၏။

## ၅။ ဩပနေယျိကဂုဏ်တော်

ဓမ္မော၊မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သောတရားတော်မြတ်သည်၊ ဩပနေယျိကော၊ မိမိစိတ်တွင် တကြိမ်ထင်က လေးခွင်အပါယ် ဝဋ်မီး ကွယ်သဖြင့် ကိုယ် ဝယ် ဝတ်နှောင် ဆံဦးသျှောင်ကို မီးလောင်သော်ငြား မငြိမ်းအားပဲ တရေးမျက်ရှင် စိတ်စွဲ ထင်အောင် ကျင့်ဆောင်ခြင်းငှာ ထိုက်တော်မူပါပေ၏။

## ၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်ကို။ ဝိညူဟိ။ ပုထုဇန်နှင့် မတန်သင့်စွာ လေးသစ္စာကို ကောင်းစွာ

မြင်သိ ပညာရှိအပေါင်း အရိယာသူတော်ကောင်းတို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ကိုယ်စီကိုယ်င လိုဘိုင်းရ၍ နိဗ္ဗာနဓာတ် သမာပတ်ဖြင့် မပြတ်သိပိုင် ခံစားနိုင်ပါပေ၏။

(အရှင်ဇနကာဘိဝံသ)

## တရားတော်ဆိုတာ

တရားတော်ဆိုတာ ၁၀ ပါးရှိပါတယ်။အဲဒါတွေကတော့ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ ၁၀ ပါး သော တရားမြတ်တွေပါပဲ။

| မဂ်လေးပါး | ဖိုလ်လေးပါး |
|---|---|
| ၁။ သောတာပတ္တိမဂ် | ၁။ သောတာပတ္တိဖိုလ် |
| ၂။ သကဒါဂါမိမဂ် | ၂။ သကဒါဂါမိဖိုလ် |
| ၃။ အနာဂါမိမဂ် | ၃။ အနာဂါမိဖိုလ် |
| ၄။ အရဟတ္တမဂ် | ၄။ အရဟတ္တဖိုလ် |

မဂ် ဖိုလ်ရတယ် ဆိုယင် နိဗ္ဗာန်ကို ကိုယ်တိုင် သိနိုင်တယ်၊ ဒါကြောင့်လဲ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို 'လောကုတ္တရာတရားကိုးပါး' လို့လဲ ခေါ်ပါတယ်။ ပရိယတ် ဆိုတာကတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊အဘိဓမ္မာဆိုတဲ့ ပိဋကတ်တော်များကို ဆိုလိုပါတယ်။ စာအုပ်စာပေတွေကတော့ မြတ်စွာဘုရား ဟောကြားတော်

မူတဲ့ တရားတော်များကို မှတ်သားထားတာဖြစ်လို့ 'တရားဘဏ္ဍာတိုက်'များပင် ဖြစ်ပါတယ်။ 'ဓမ္မစေတီတော်'လို့လဲ ခေါ်ဆိုနိုင်ပါတယ်။

ဒါကြောင့် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသောတရားတော်မြတ်တို့သာ 'ဓမ္မ သရဏံ ဂစ္ဆာမိ' ဖြစ်ပါတယ်ဆိုတာ ရှင်းရှင်း လင်းလင်း မှတ်သားထားဖို့ လိုပါတယ်။

# အခန်း ၁၁

## ဗုဒ္ဓ၏သာဝက

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား
ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟာသောင်း၊ တိုက်အပေါင်းမှ၊ ခုညောင်းကပ်လာ
နတ်ဗြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။

(လယ်တီဆရာတော်)

ထို့နောက် ပဉ္စဝဂ္ဂီ ၅ ဦးတို့ နေထိုင်တဲ့ ဗာရာဏသီပြည် အနီး၊ ဣသိပတန မိဂဒါဝုန်တောကို ကြွချီတော် မူခဲ့တယ်။ ဝါဆိုလပြည့် စနေနေ့။ နေမဝင်မီအချိန်မှာ ပဉ္စဝဂ္ဂီ ၅ ဦး တို့ အား 'ဓမ္မစက္ကပဝတ္တနသုတ်' (ဓမ္မစကြာ) တ ရား တော် ကို ဟောကြားတော်မူခဲ့ရာ၊ ရှေးဦးစွာ အရှင် ကော ဏ္ဍ ညဟာ သော တာ ပန် တည် ခဲ့ ပါ တယ်။ အရှင် ကော ဏ္ဍ ညဟာ လူသားထဲက ပထမဆုံး တရားထူးရတဲ့ ပုဂ္ဂိုလ်ပါပဲ။



ပဉ္စဝဂ္ဂီ ၅ ဦး တို့အား ဓမ္မစကြာတရားတော်
ဟောကြားတော်မူပုံ

လပြည့်ကျော် ၁-ရက်က ၄-ရက်နေ့အထိ ကျန်တဲ့ ၄-ပါး ဟာလဲ အစဉ်လိုက် သောတာပန် တည်ကြပါတယ်။ လပြည့် ကျော် ၅-ရက်နေ့မှာ အနတ္တလက္ခဏာသုတ်ကို ဟောကြားတော် မူတဲ့အခါ ၅-ပါးလုံး ရဟန္တာ ဖြစ်ကုန်ကြပါတယ်။ ဒါဟာ ပထမဆုံးအရိယာ သံဃာတော်တွေ ပါပဲ။ ဗုဒ္ဓရဲ့ ပထမဆုံး သာဝကတွေပါပဲ။

## သံဃံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားရှင် ဘုရားအဖြစ် ရောက်မယ့်နေ့က ဃနာ နို့ဆွမ်းကပ်လှူခဲ့တဲ့ သဌေးသမီး သုဇာတာရဲ့ သားဦး ယသ လတို့သားဟာ မြတ်စွာဘုရားထံမှာ ရဟန်းပြုခဲ့ပါတယ်။ ယသသတို့သားကို အကြောင်းပြုပြီး ရောက်လာတဲ့ သူ့မိဘ နှစ်ပါးကို မြတ်စွာဘုရားရှင်က တေဝါစိက သရဏဂုံခေါ်တဲ့ သရဏဂုံ ၃-ပါးကို ဆောက်တည်စေပါတယ်။

## တေဝါစိက သရဏဂုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ် လည်း လျောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သံဃံ၊ အရိယာ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဂစ္ဆာမိ၊မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သူတို့နှစ်ဦးဟာ လူသားတွေထဲက ပထမဆုံး တေဝါစိက သရဏဂုံ (သရဏဂုံ ၃-ပါး) ဆောက်တည်သူတွေ ဖြစ်ကြ ပါတယ်။ ဒီ သရဏဂုံ ၃-ပါးဟာ ကနေ့အထိ ဗုဒ္ဓဘာသာဝင် တွေ ဆောက်တည်နေကြတဲ့ သရဏဂုံ ၃ ပါး ပါပဲ။

## သံဃာ့ဂုဏ်တော် ၉ ပါး

### ၁။ သုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ သာဝကသံဃော ဆုံးမဘားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချာရှစ်ဖော် သံဃာတော်အပေါင်း သူတော် ကောင်း သည်၊ သုပ္ပဋိပန္နော တရားသဖြင့် ဆုံးမသင့်ရာ သာသနာဝယ် လျော်စွာထုံးပြ ဆုံးအမကို လုံးဝလိုက်နာ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

## ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ သာဝက သံဃော ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သမ္မာရှစ်ဖေါ် သံဃာတော်အပေါင်း သူတော်ကောင်းသည်၊ ဥဇုပ္ပဋိပန္နော စဉ်းလဲသမှု မာယာစုဖြင့် ဖုဖုထစ်ထစ် မကောက်ကျစ်ပဲ စင်စစ် နိဗ္ဗာန် လမ်းဖြောင့်မှန် အောင် လျှောက်နန်ချင့်မြှော် ကျင့်ကြံတော် မူတတ်ပါပေ၏။

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ သာဝက သံဃော ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သမ္မာရှစ်ဖေါ် သံဃာတော်အပေါင်း သူတော်ကောင်းသည်၊ ဉာယပ္ပဋိပန္နော ကိုယ်ဝယ်ဝတ်နှောင်ဆံဥသျှောင်ကို မီးလောင်သော်ငြား မငြိမ်းအားပဲ ကြီးမား လောင်မီး ဒုက္ခကြီးတို့ အပြီးကေန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်အလို့ငှာ ကျင့်တော် မူတတ်ပါပေ၏။

## ၄။ သာမီစိပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ သာဝက သံဃော ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သမ္မာရှစ်ဖော် သံဃာတော် အပေါင်း သူတော်ကောင်းသည်၊ သာမီစိပ္ပဋိပန္နော ရှိသေသမှု လူတို့ပြုသည့်

သာမိစိကုံ လျော်ထိုက်တန်အောင် ကျင့်ကြံတော် မူတတ်ပါ ပေ၏။

### ၅။ အာဟုနေယျဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဧသဧသော သာဝက သံဃော အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤ အရိယာ သူတော်ကောင်း သည်၊ အာဟုနေယျော တုံ့ပြန်ကြီးလေး အကျိုးပေးသဖြင့် အဝေးမှ ယူဆောင်၍မူလည်း ကြည်ဖြူ လေး မြတ် ပူဇော်အပ်သည့် လာဘ်သပ်ပကာ အဖြာဖြာကို ကောင်းစွာ သိမ်းပိုက်ခံယူခြင်း ငှာလည်း ထိုက်တော်မူပါပေ၏။

### ၆။ ပါဟုနေယျဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဧသဧသော သာဝက သံဃော-အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤ အရိယာ သူတော်ကောင်း သည်၊ ပါဟုနေယျော ဝေးရပ်မျိုးနွယ် များဧည့်သည်ဖို့ ရည်ရွယ်မှန်းထား ပစ္စည်းများကို ဘုရားတဆူပွင့်တော်မူမှ ပေါ်လာကြသည့် ကမ္ဘာ့ ဧည့်ကောင်း သူတော်ပေါင်းမို့ အကြောင်းထိုက်စွာ ပေးလှူခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

### ၇။ ဒက္ခိဏေယျဂုဏ်တော်

ဘဂဝတော-ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဧသဧသော သာဝက သံဃော အစုံလေးပါး သီးခြားရှစ်ဖော်

သံဃာတော်အပေါင်း ဤ အရိယာ သူတော်ကောင်းသည်၊ ဒက္ခိဏေယျော တမလွန် စခန်း ကြီးပွားလမ်းဖို့ မြော်မှန်း ရည်ရွယ် ပေးလှူဖွယ်ကို ရည်ရွယ်သမျှ အကျိုးရသဖြင့် တစ မချန် အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

## ၈။ အဥ္ဇလိကရဏီယဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဧသဝေါ သာဝက သံဃော အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤ အရိယာ သူတော်ကောင်းသည်၊ အဥ္ဇလိကရဏီယော တလောကလုံးကိုင်းညွတ်ရုံးလျက် ရွှင်ပြုံး ကြည်ညို ရှိခိုးမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းကိုလည်း ထိုက် တော်မူပါပေ၏။

## ၉။ အနုတ္တရ ပုညက္ခေတ္တဂုဏ်တော်

ဘဂဝတော ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဧသဝေါ သာဝကသံဃော အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤ အရိယာ သူတော်ကောင်းသည်၊ လောကဿ-လူနတ် ပြဟ္မာ သတ္တဝါအပေါင်း၏၊ အနုတ္တရံ အဘုမရှိ မြတ်ခေါင်ထိသော၊ ပုည ခေတ္တံ-ကုသိုလ် ကောင်းမှု မျိုးစေ့ပု၏ ကြီးထမြင့်မား စွင့်စွင့်ကားလျက် ဖွင့်ထားဖွယ်ရာ လယ်ယာမြေကောင်း အတူ ဖြစ်တော်မူကြပါပေ၏။

(အရှင်ဇနကာဘိဝံသ)

## သံဃာတော်ဆိုတာ

သံဃာဆိုတာ 'သံဃ'ဆိုတဲ့ ပါဠိစကားကို မြန်မာလိုခေါ်လိုက်တာပါပဲ၊ အဓိပ္ပါယ်ကတော့ 'အပေါင်း အစု-အသင်းအဖွဲ့'လို့ ဆိုလိုပါတယ်။ ဒါကြောင့် အယူဝါဒ သိက္ခာအားဖြင့် တူတဲ့ ရဟန်းတော်တို့ရဲ့ အပေါင်းအစု အသင်း အဖွဲ့ကို 'သံဃာ' ရယ်လို့ မှတ်ပါ။

အရိယာ သံဃာတော်ဆိုတာ မဂ်ပုဂ္ဂိုလ် ၄-ပါး၊ ဖိုလ်ပုဂ္ဂိုလ် ၄-ပါး၊ ၄ ယောက်အစုံ ၈ ပါးသော အရိယာပုဂ္ဂိုလ်များကို ခေါ်ပါတယ်။

| မဂ္ဂဋ္ဌလေးမျိုး | ဖလဋ္ဌလေးမျိုး |
|---|---|
| ၁။ သောတာပတ္တိမဂ်ရပုဂ္ဂိုလ် | ၁။ သောတာပတ္တိဖိုလ်ရပုဂ္ဂိုလ် |
| ၂။ သကဒါဂါမိမဂ်ရပုဂ္ဂိုလ် | ၂။ သကဒါဂါမိ ဖိုလ်ရ ပုဂ္ဂိုလ် |
| ၃။ အနာဂါမိမဂ်ရပုဂ္ဂိုလ် | ၃။ အနာဂါမိဖိုလ်ရပုဂ္ဂိုလ် |
| ၄။ အရဟတ္တမဂ်ရပုဂ္ဂိုလ် | ၄။ အရဟတ္တဖိုလ်ရပုဂ္ဂိုလ် |

နောက်ပြီးတော့ အရိယာမဖြစ်သေးတဲ့ သံဃာတော်တွေဟာလဲ ရတနာ ၃ ပါးမှာ အပါအဝင်ဖြစ်ပါတယ်။ အရိယာနွယ်ဝင် သံဃာတော်တွေ ဖြစ်ပါတယ်။ အရိယာ မဖြစ်သေးတဲ့ သံဃာ ဟူသမျှကို 'သမ္မုတိသံဃာ' လို့ ခေါ်ပါတယ်။ အဓိပ္ပါယ်ကတော့ "အရိယာ သံဃာအစစ်နှင့် ဝိနည်းသိက္ခာချင်းမှစ၍ အရာရာတူသောကြောင့် သံဃာဟူ၍ သမုတ်အပ်သော သံဃာတော်"လို့ ဆိုလိုပါတယ်။

# အခန်း ၁၂

## ဗုဒ္ဓ၏ နေ့စဉ် ဆောင်ရွက်တော်မူချက်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘုရားအဖြစ် ရောက်တော်မူသည့် သက်တော် ၃၅ နှစ်မှစ၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည့် သက်တော် ၈၀ အထိ ၄၅-ဝါပတ်လုံး၊ လူနတ်ဗြဟ္မာ အစရှိတဲ့ ဝေနေယျသတ္တဝါ အပေါင်းတို့ရဲ့ အကျိုးစီးပွားကို အောက်ပါအတိုင်း နေ့စဉ်အားလပ်ခွင့် မရလောက်အောင်ပင်ဆောင်ရွက်တော်မူခဲ့ပါတယ်။

၁ နံနက်ပိုင်း။ နံနက်စောစောထ၊ ကိုယ်လက် သုတ်သင်ပြီး၊ ဂန္ဓကုဋိတိုက်ငယ်သို့ဝင်၍ သမာပတ်ဝင်စားတော်မူသည်။ အချိန်တန်လျှင် ဆွမ်းခံကြွတော်မူသည် (တခါတရံ မြို့တွင်းမှာပင် ဆွမ်းစား၊ ဒကာ ဒကာမတို့အား တရားဟောပြသည်)။ ကျောင်းတော်ပြန်ကြွ၍ ရဟန်းတို့ ဆွမ်းစားအပြီးကို စောင့်တော်မူသည်။

၂ နေ့လယ်ပိုင်း။ ရဟန်းတို့ ဆွမ်းစားပြီးက ဂန္ဓကုဋိတိုက်သို့ကြွ၊ ခြေတော်ဆေး၊ ခြေဆေး အင်းပျဉ်၌ပင် ရပ်တော်မူလျက် ရဟန်းတို့အား သတိပေး ဆုံးမ၊ ကမ္မဋ္ဌာန်းပေး လွှတ်လိုက်ပြီး၊ ဂန္ဓကုဋိတိုက်ဝင်၍ ခေတ္တ လျောင်း တော် မူ သည်။ ကျွတ်ထိုက်သော သတ္တဝါ ရှိ-မရှိ လောကကိုကြည့်တော်မူပြီးနောက် ရောက်လာသော ဒကာ ဒကာမတို့အား တရားရေအေး တိုက်ကျွေးကာ၊ နေမဝင်မီ ပြန်လွှတ်တော်မူသည်။

၃ ညဦးယံ။ နေဝင်ချိန် လောက်တွင် ရေသပ္ပါယ်တော်မူပြီး၊ ဂန္ဓကုဋိတိုက်ဝင်၍ သမာပတ် ဝင်စားသည်။ ယင်းနောက် ရဟန်းတော် များအား တရား ဟောပြ၊ ကမ္မဋ္ဌာန်းပြပေး၊ ပြဿနာ အထွေထွေ ဖြေရှင်းပေးတော်မူရသည်။

၄ သန်းခေါင်ယံ။ နတ်ပြဟ္မာတွေ ရောက် လာ သည်။ ယင်းတို့ မေးကြ လျှောက်ထားကြသည့် ပြဿနာများကို ဖြေကြားရ၊ တရားမေ့ဟောပြပေးရပြန်သည်။

၅ မိုးသောက်ယံ။

ရှေ့ပိုင်း .... စကြံကြွတော်မူသည်။

အလယ်ပိုင်း .... ဂန္ဓကုဋိတိုက်ဝင်၍ တမှေးမျှကျိန်းစက်တော်မူသည်။

နောက်ဆုံးပိုင်း .... ကျိန်းစက်ရာမှထတော်မူ၍ ကျွတ်ထိုက်သောသတ္တဝါများ ရှိ-မရှိ ဗုဒ္ဓစက္ခုဖြင့်လောကကိုဖြန့်၍ ကြည့်ရှုတော်မူသည်။

ကျွတ်ထိုက်သော သတ္တဝါများကို မြင်တော်မူလျှင် ခရီးတိုင်တာ မည်မျှပင် ဝေးကွာစေကာမူ ကြွသွား၍ တရားဓမ္မဟောပြ ချွတ်တော် မူပါတယ်။

အဲဒီလို ဗုဒ္ဓမြတ်စွာဟာ နေ့ညဉ့်နဲ့အမျှ ကမ္ဘာသူကမ္ဘာသားဝေနေယျသတ္တဝါအများရဲ့ အကျိုးစီးပွားကို အားသွန်ခွန်စိုက်ဆောင်ရွက်တော်မူခဲ့ပါတယ်။

●

# အခန်း ၁၃

## ပရိနိဗ္ဗာန်စံတော်မူခြင်း

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံဆိုက်
တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ
သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကုတို့ဖြင့်
ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်
နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာခရုံ
အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်
ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

(လယ်တီဆရာတော်)

ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ၄၅ ဝါ ကာလပတ်လုံး မနားမနေပဲ တရားဓမ္မတို့ကို ဟောကြားပြသ ဆိုဆုံးမခဲ့ရာက သက်တော် ၈၀ အရွယ် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် (ခရစ်တော်မပေါ်မီ ဘီစီ ၅၄၃) ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်တက်ခါနီးအချိန်မှာ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးတရားတော်ကို ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါကို ဗုဒ္ဓရဲ့ ပစ္ဆိမဝစန(နောက်ဆုံးစကားတော်)လို့ ခေါ်ဆိုကြပါတယ်။

## ဗုဒ္ဓ၏ ပစ္ဆိမဝစန

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

## နောက်ဆုံးမိန့်ခွန်းတော်

ရဟန်းတို့၊သင်တို့အား ငါဘုရားနောက်ဆုံးစကားမှာကြားခဲ့အံ့။ ဖြစ်ပေါ်လာသမျှ(ရုပ်နာမ်ဓမ္မ)သင်္ခါရတို့သည်၊ ပျက်တတ်သော သဘောရှိကြပေကုန်၏။ မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့ပြည့်စုံအောင် ကြိုးစားအားထုတ် ရစ်ကြကုန်လော့။

●



ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌
ပရိနိဗ္ဗာန် စံဝင်တော်မူပုံ

# အခန်း ၁၄

## တေဇောဓာတ်လောင်တော်မူခြင်း

နိဗ္ဗူစံပြီ၊ ရှု့အိသား၊ သင်္ဂြိရွှေလှော်
အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်
ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်
လျှံတက်ကော်ရော်၊ မီးပူဇော်သည်
မွေ့တော်ရှစ်စိဘ် ကြွင်းတယ်ကို။

(လယ်တီဆရာတော်)

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ညီတော် အာနန္ဒာနဲ့တကွ ရဟန္တာအရှင်မြတ်များ၊ ပုထုဇဉ်ရဟန်းတော် များ ဒါယကာဒါယိကာမများဟာ အဝတ်သစ်ဘထပ်၊ဝါဂွမ်း တထပ်၊အစုံပေါင်းငါးရာဖြင့် ဘုရားရှင်ရဲ့ အလောင်းတော်ကို ချစ်ပတ်ပြီး ဆီလောင်းထားသော ရွှေခေါင်းတော်မှာ ထည့်ကြ



ဒေါနပုဏ္ဏားက ဘုရားရှင် ဓာတ်တော်၊ မွေတော်၊ စွယ်တော် အံတော်များ ဝေငှနေပုံ

ပါတယ်။ ပထမ ၇ ရက်က ပြင်ဆင်ယင်း ပူဇော်ယင်းနဲ့ အချိန်ကုန်သွားပါတယ်။ ဒုတိယ ၇ ရက်ကတော့ စန္ဒကူး နံ့သာပုံပေါ်မှာ မီးပူဇော်ဖို့ပြင်ဆင်ယင်း အချိန်ကြာညောင်း သွားပါတယ်။ ဒီလိုနဲ့ ၁၄ ရက်မြောက်တဲ့ ကဆုန်သကွယ် တနင်္ဂနွေနေ့မှာမှ မီးပူဇော်ကြရပါတယ်။

ဘုရားရှင်ရဲ့ အလောင်းတော် ဇာဗောဓာတ်လောင်ကျွမ်း ပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ ဓာတ်တော်၊ မွေတော်၊ စွယ် တော်၊ အံတော်တွေကို ဒေါနပုဏ္ဏားက အတိုင်းတိုင်း အပြည် ပြည်ကတစ်ရာ့တစ်ပါးသော မင်းတို့ကို ဝေငှပေးလိုက်ပါတယ်။

အဲဒီ ဓာတ်တော်၊ မွေတော်တွေကို ဘုရားရှင်ရဲ့ ကိုယ်ပွား တော်အဖြစ် ဘုရားရှင်အားရည်စူးပြီး ကိုးကွယ်လာခဲ့ကြတာ ကနေ့ အချိန်အခါ အထိပါပဲ။

## စေတီ လေးမျိုး

၁။ ဓာတုစေတီ (ဘုရားရှင်၏ဓာတ်တော်၊ မွေတော်)

၂။ ဓမ္မစေတီ (ပိဋကတ်သုံးပုံ)

၃။ ဥဒ္ဒိဿစေတီ (ဘုရားရှင်အား ရည်မှန်းထုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များ)

၄။ ပရိဘောဂစေတီ(ဘုရားရှင်၏ အသုံး အဆောင်များ)

## နိဂုံး

ဘုရားရှင်ရဲ့ ဖြစ်တော်စဉ်ကို အကျဉ်းချုပ်ပြီး တင်ပြထားတဲ့"ရောင်စုံပုံပြ အခြေခံ ဗုဒ္ဓဝင်" ပြီးဆုံးပါပြီ။ ဒီအခြေခံဗုဒ္ဓဝင်ကို ဖတ်ရှုလေ့လာပြီး

(က) ဗုဒ္ဓဘုရားရှင်အပေါ် ကြည်ညိုမှုသဒ္ဓါတရား ထက်သန်လာအောင်

(ခ) ဗုဒ္ဓရဲ့အဆုံးအမတွေကို လိုက်နာကျင့်ကြံနိုင်အောင်

(ဂ) လိုက်နာကျင့်ကြံပြီး လူတော် လူကောင်း လူ ချွန် လူမွန်ကလေးတွေ ဖြစ်အောင်

(ဃ) ဗုဒ္ဓရဲ့ တပည့်သား သာဝက၊ သံဃာတော်တွေကို ရှိသေ ကိုင်းရှိုင်းပြီး၊ သံဃာတော်တွေ ဟောကြားတော်မူတဲ့ ဘုရားရှင်ရဲ့ တရားတော်တွေကို နာကြားမှတ်သား၊ လေ့လာပွားများနိုင်အောင်၊ ကြိုးစားကြပါလို့ တိုက်တွန်းယင်း နိဂုံးချုပ်ပါတယ်။

ဒီစာအုပ်ငယ်ကို လေ့လာပြီး နှစ်ခြိုက် တယ် ဆို ယင် ဖြင့် လူငယ်တွေ ဗဟုသုတ ဖြစ်စေမယ့်၊ အကျိုးရှိစေမယ့်၊ ဘာသာရေး စာအုပ်များ ဆက်လက်ပြုစု ထုတ်ဝေသွားပါမယ်ဆိုတာ အစီရင် ခံအပ်ပါတယ်။

ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့လင်းပါစေ

မင်းစန္ဒ

၂၄-၃-၀၀

## ဗုဒ္ဓမြတ်စွာ၏ ဆွေစဉ်မျိုးဆက်

ကပိလဝတ်ပြည့်ရှင်ဘုရင်
(ဇေယျသေနမင်း) ၏
သားတော်-

ဒေဝဒဟပြည့်ရှင်ဘုရင်
(ဥက္ကာသက္ကမင်း)၏
သမီးတော်-

သိဟာနု + ကဥ္စနာ

သား

သုဒ္ဓေါ အမိတော ဓေါတော သက္ကော သုက္ကော

သမီး

အမိတာ ပါလိတာ

သုဒ္ဓေါဒန နှင့်

မဟာမာယာ

သိဒ္ဓတ္ထမင်းသား

ဂေါတမီ

နန္ဒမင်းသား
ဇနပဒ ကလျာဏီ
သိဒ္ဓတ္ထမင်းသား

## နောက်ဆက်တွဲဇယား

ကပိလဝတ်ပြည့်ရှင်ဘုရင် (ဇေယျသေနမင်း) ၏ သမီးတော်-

ဒေဝဒဟပြည့်ရှင်ဘုရင် (ဥက္ကာသက္ကမင်း) ၏ သားတော်-

ယသောဓရာ + အဥ္ဇနမင်း

သမီး

မဟာမာယာ

ဂေါတမီ

သား

သုပ္ပဗုဒ္ဓ

ဒဏ္ဍပါဏိ

သုပ္ပဗုဒ္ဓ နှင့်

အမိတာ

ပါလိတာ

ယသောဓရာမင်းသမီး

ဒေဝဒတ်

\+ ယသောဓရာမင်းသမီး

ရာဟုလာ

# ကိုးကားကျမ်းများ

၁။ ဗုဒ္ဓဘာသာအခြေပြု။ အဂ္ဂမဟာပဏ္ဍိတ မေဒိနီဆရာတော်
၁၉၆၄ ခုနှစ် နှောင်းတန်ခူး ဝင်ဘာလ၊ စပယ်ပုံနှိပ်တိုက်။

၂။ ရတနာ့ဂုဏ်ရည်။ အရှင်ဇနကာဘိဝံသ။ ၁၃၂၈ ခု
တပေါင်းလ။ နယူးဘားမား ပိဋကပုံနှိပ်တိုက်၊
အမရပူရမြို့။

၃။ ဘာသာရေးပြဿနာများအဖြေနှင့် စစ်တပ် တရားတော်။
အရှင်ဇနကာဘိဝံသ။ ၁၉၇၃ ခုနှစ် မတ်လ။
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။

၄။ ဘာသာယဉ်ကျေးမှု အခြေခံ မင်္ဂလာ စာ ပေ သင် တန်း။
ဘုံကျော်-အရှင်ကေသဝါဘိဝံသ။ ၁၉၇၅
ခုနှစ် ဒီဇင်ဘာလ။ စာပေလောက ပုံနှိပ်တိုက်။

၅။ တရားဦးစမ္မစကြာနှင့်မင်္ဂလာဝတ်ရွတ်စဉ်။ဦးခင်မောင်ဝင်း
စီ စဉ် ပြုစု၍၊ ကျောက် ကုန်း တော ရ မေဒိနီ
နာယက အဖွဲ့ဝင် ဆရာတော် အရှင်ဉာဏဝံသ
တည်း ဖြတ် သုတ် သင် သည်။ ၁၉၇၈ ခုနှစ်
ဖေဖော်ဝါရီလ။ ဇွဲစာပုံနှိပ်တိုက်။

၆။ မန္တလေးမှုမှန် ဆယ်စောင်တွဲ (မစိုးရိမ်မှု)။ ၁၉၇၀ ခုနှစ်
မေလ။ မြန်မာ့ယူနီယံ ပုံနှိပ်တိုက်။

# ချမ်းသာ စာပေလုပ်ငန်း

အမှတ် - ၂၁၅/၃၈ - လမ်း၊ ရန်ကုန်မြို့တွင်
ရ ရှိ နိုင် သော....

**ဆုံးမစာ (၄) မျိုး။**

(၁) အလကားနေယင်-အလကားလူဖြစ်မည်၊
အသာနေယင်-အသေနာမည်၊
တရားပျက်လျှင်-တရက်ပြားမည်။ တစ္စွက်-၃၅ ပြား

(၂) ပြောမှသိ-ထိမှနာ-သာမှနေ-သေမှခင်
ဤလေးအင်-လူတွင်မကျင့်ကောင်း။ တရွက်- ၃၅ပြား

(၃) **အခက်ဆုံး၊**
မရှိတာထက်-မသိတာခက်၏၊
မသိတာထက်-မသိချင်တာခက်၏
မသိချင်တာထက်-သိချင်ယောင်ဆောင်သူကပို၍ခက်၏။
တရွက် - ၃၅ ပြား

(၄) **ဗုဒ္ဓအဆုံးအမ**
အကုသိုလ်ဆို-ရှောင်ကာရှားလို့၊
ကုသိုလ်တရား-ပွါးရမယ်၊
မိမိစိတ်ကိုဖြူ-စင်ရအောင်၊
အစဉ်ထာဝရ-ကြိုးစားကွယ်၊
အဲဒါက -
ဗုဒ္ဓဝါဒအဆုံးအမ အမှန်တကယ်။ တရွက်- ၃၅ ပြား

○ ရွက်ရေ (၁၀၀) မှာယူပါက ကော်မရှင် ၂၅ ရာခိုင်နှုန်း ဖြင့်ပို့ပေးပါမည်၊

⊙ ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာများတွင် ဓမ္မဒါနအတွက် ဝေငှရန် အထူး သင့်လျော်ပါသည်။